# အသင်းတော်အသက်တာကို ပြန်လည်ရယူခြင်းအတွက် အဓိကကျသော အကြောင်းရင်းများ

(Friday—First Morning Session)

Message One

## ဤခေတ်ကို အဆုံးသတ်မည့် အသစ်သောနိုးကြားခြင်းကို ယူဆောင်လာရန် သခင်ဘုရားနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်း၏ အကြောင်းရင်း

ဖတ်ရန်ကျမ်း။ ။ ဟဗ၊၃း၂။ တ၊၂၆း၁၉၊ ၂၂။ မ၊၁၄း၁၉၊ ၂၂-၂၃။ ဖိ၊၁း၁၉-၂၂၊ ၂၅။ ယော၊၂၁း၁၅-၁၇

**I. ဘုရားသခင်၏ ရွေးချယ်ခံလူများအကြား နိုးကြားခြင်းရှိရန် ပြင်းပြသောဆန္ဒ အမြဲရှိခဲ့ဖူးလေသည် - ဟဗ၊၃း၂။ ဟောရှေ၊၆း၂။ ရော၊ ၈း၂၀-၂၂။ ဆာ၊၁၁၉း၂၅၊ ၅၀၊ ၁၀၇၊ ၁၅၄။ ယော၊၆း၅၇၊ ၆၃။ ၂ကော၊၃း၃၊ ၆။**

**II. ကျွန်ုပ်တို့သည် အသစ်သောနိုးကြားခြင်းအထဲသို့ ဝင်ရောက်နိုင်ရန်မှာ ဘုရားသခင်က ကျွန်ုပ်တို့ထံ ပေးခဲ့သည့် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်သို့ ကျွန်ုပ်တို့ရောက်ရှိလာခြင်းအားဖြင့် ဖြစ်သည် - ယင်းမှာ ဘုရားသခင်၏ ထာဝရစီမံကိန်း ဖွင့်ပြခြင်းဖြစ်သည် (၁တိ၊၁း၃-၄။ ၁ကော၊၉း၁၇။ တ၊၂၆း၁၉၊ ၂၂)။ ဤသည်မှာ လူကို ဖန်ဆင်းခြင်း၌သော်လည်းကောင်း၊ ကိုယ်တော်၏ရွေးချယ်ခံလူများကို ဆက်ဆံဖြေရှင်းခြင်း၌လည်းကောင်း ဘုရားသခင်၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်းသည့် ကြီးစွာသော မေးခွန်းအဖို့ ကြီးစွာသော အဖြေဖြစ်သည် (က၊၁း၂၆။ ယောဘ၊၁၀း၁၃။ ညွှန်း၊ ၈၊၃း၉)။**

A. ဘုရားသခင်၏စိတ်နှလုံးတော်၌ ဝှက်ထားသော နက်နဲခြင်းသည် ဘုရားသခင်၏ ထာဝရစီမံကိန်းဖြစ်ပြီး (ဧ၊၁း၁၀။ ၃း၉။ ၁တိ၊ ၁း၄)၊ ယင်းမှာ ကိုယ်တော်၏စိတ်နှလုံးအလိုဆန္ဒနှင့်အတူ ဘုရားသခင်၏ထာဝရရည်ရွယ်ချက်ဖြစ်ကာ၊ ဘုရားဆိုင်ရာသုံးပါးတစ်ပါး ဖြစ်ခြင်း၌ ခမည်းတော်သည် သားတော်၌ ဝိညာဉ်တော်အားဖြင့် မိမိကိုယ်တော်တိုင်ကို ရွေးချယ်ခံလူမျိုးတော်အထဲသို့ သူတို့၏အသက်နှင့် သဘောသဘာဝဖြစ်ရန် ဝေငှဖြန့်ဖြူးလိုခြင်းဖြစ်၍၊ သူတို့ကို ကိုယ်တော်၏ပုံတူပွားများခြင်းအဖြစ် ကိုယ်တော်ကဲ့သို့ တူညီစေရန် (ရော၊၈း၂၉။ ၁ယော၊၃း၂)၊ လူသစ်ဖြစ်သော ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ အသက်ဆိုင်ရာထုံးဖွဲ့မှု ဖြစ်လာရန် (ဧ၊၂း၁၅-၁၆)၊ ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်း၊ ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်ရန် (၁း၂၂-၂၃။ ၃း၁၉)၊ ယင်းကို ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံစေရန် ဖြစ်သည် (ဗျာ၊၂၁း၂-၂၂း၅)။

B. ဘုရားသခင်သည် လူဖြစ်လာခြင်းမှာ လူသည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာကာ၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက်ဖြစ်ခြင်းမှာ သမ္မာကျမ်းစာတစ်ခုလုံး၏ အနှစ်သာရ၊ သမ္မာကျမ်းစာ၏"သေတ္တာ"ထဲမှ "စိန်"၊ ဘုရားသခင်၏ထာဝရစီမံကိန်း ဖြစ်သည် - က၊၁း၂၆။ ယော၊၁၂း၂၄။ ရော၊၈း၂၉။

1. ဘုရားသခင်သည် လူဖြစ်လာခြင်းမှာ လူ၏လူသားဇာတိ၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် လူ့ဇာတိခံခြင်းမှတစ်ဆင့်ဖြစ်သည်။ လူသည် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာခြင်းမှာ ဘုရားသခင်၏ဘုရားဇာတိ၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ပုံသဏ္ဌာန်ပြောင်းလဲခြင်းမှတစ်ဆင့် ဖြစ်သည် - ယော၊၁း၁၄။ ၂ကော၊၃း၁၈။ ကော၊၃း၄။ ၂ပေ၊ ၁း၄။ ဖိ၊၂း၅။ ရော၊၈း၂၉။ ဟေဗြဲ၊၂း၁၀။ ဧ၊၁း၅။ ရော၊၈း၁၉။ ၁ယော၊၃း၂။ ယော၊၁း၁၂-၁၃။

2. ဤဘုရားဆိုင်ရာ-လူသားဆိုင်ရာချစ်ဇာတ်လမ်းသည် သမ္မာကျမ်းစာတစ်ခုလုံး၏ အကြောင်းအရာ၊ ဘုရားသခင့်စီမံကိန်း၏ ပါဝင်သောအရာ၊ စကြဝဠာတစ်ခုလုံး၏ လျှို့ဝှက်ချက် ဖြစ်သည် - သီ၊၁း၁။ ၆း၁၃။ ညွှန်း၊ ဟဗ၊၁း၁။ ၂း၄။ ရော၊၁း၁၇။

   a. ခရစ်တော်သည် ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာဖြစ်သည်၊ ကိုယ်တော်၏ ပုံသဏ္ဌာန်ပြောင်းလဲသောချစ်သူသည် လူသားဆိုင်ရာနှင့် ဘုရားဆိုင်ရာဖြစ်သည်။ သူတို့သည် အသက်နှင့်သဘောသဘာဝ၌ အတူတူဖြစ်ကာ၊ တစ်ဦးနှင့်တစ်ဦး စုံလင်တိကျစွာ လိုက်ဖက်ညီနေသည်။

   b. သုံးပါးတစ်ပါးဘုရားသည် ခင်ပွန်းဖြစ်ရန် ပြီးမြောက်ပြည့်စုံခြင်းရှိကာ၊ သုံးပိုင်းရှိသောလူသည် သတို့သမီးဖြစ်ရန် ပုံသဏ္ဌာန်ပြောင်းလဲပြီး၊ ထိုသူတို့သည် စုံတွဲတစ်တွဲ၊ စုပေါင်းထားသော၊ ကြီးမြတ်သော ဘုရား-လူဖြစ်လာရန်ဖြစ်သည် - ဗျာ၊၂၁း၂၊ ၉။ ၂၂း၁၇က။

C. ဘုရားသခင်နှင့် သခင်ဘုရားပြန်လည်ရယူခြင်း၏ အလယ်ဗဟိုကျသော ဖွင့်ပြခြင်းမှာ ဘုရားသခင်သည် အသွေးအသားဖြစ်လာ၍ (ယော၊၁း၁၊ ၁၄)၊ အသွေးအသားသည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာကာ (၁ကော၊၁၅း၄၅ခ)၊ အသက်ပေးသောဝိညာဉ်တော်သည် အရှိန်ခုနစ်ဆမြှင့်တင်ထားသော ဝိညာဉ်တော်ဖြစ်လာပြီး (ဗျာ၊၁း၄။ ၃း၁။ ၄း၅။ ၅း၆) အသင်းတော်ကို တည်ဆောက်ခြင်းဖြင့် (မ၊၁၆း၁၈)၊ ယင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်လာကာ (ဧ၊၄း၁၅-၁၆)၊ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေခြင်း ဖြစ်သည် (ဗျာ၊၂၁း၂၊ ၉။ ၂၂း၁၇က။ ညွှန်း၊ က၂း၂။ ယော၊၁၉း၃၄)။

D. ဘုရားသခင်နှင့်လူသည် တစ်ခုတည်းသော ထုံးဖွဲ့မှုဖြစ်လာကာ၊ ထိုတစ်ခုတည်းသော ထုံးဖွဲ့မှုသည် ဘုရားဇာတိနှင့် လူသားဇာတိ ရောနှောပေါင်းစည်းခြင်းဖြစ်ပြီး၊ ယင်းသည် သမ္မာကျမ်းစာတစ်အုပ်လုံး၏ နိဂုံးချုပ်အဖြစ် ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည် - ဗျာ၊၂၁း၃၊ ၂၂၊ ၂၊ ၉။ ညွှန်း၊ ဝတ်၊၂း၄-၅။ ဆာ၊၉၂း၁၀။

E. "မြေကြီးတစ်ပြင်လုံးမှ အသင်းတော်များအားလုံးရှိ သန့်ရှင်းသူများအားလုံး၊ အထူးသဖြင့် လုပ်ဖော်ဆောင်ဖက်များနှင့် အသက်ကြီးသူများသည် ဤဖွင့်ပြခြင်းကို မြင်၍၊ ဘုရားသခင်သည် အသစ်သောနိုးကြားခြင်း - သမိုင်းကြောင်းတွင် မှတ်တမ်းတင်ထားခဲ့ဖူးခြင်းမရှိသည့် နိုးကြားခြင်းကို ကျွန်ုပ်တို့အား ပေးပါမည့်အကြောင်း ထ၍ ဆုတောင်းကြပါမည့်အကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်" - *ရာဇဝင်ချုပ် ပထမနှင့် ဒုတိယစာစောင် အသက်အဖြစ်လေ့လာခြင်း၊ စာ၊ ၁၅*။

**III. ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည့် ဘုရား-လူအသက်တာကို အသက်ရှင်ခြင်းအား လက်တွေ့လုပ်ဆောင်မည်ဆိုလျှင် အလိုအလျောက်ပင် စုပေါင်းထားသော ပုံစံ၊ ဘုရားသခင်၏စီမံကိန်း၌အသက်ရှင်သောပုံစံသည် တည်ဆောက်ခံရလိမ့်မည်ဖြစ်သည်။ ဤပုံစံသည် သခင်ဘုရားကို ပြန်လည်ကြွလာစေရန် အသင်းတော်၏သမိုင်း၌ အကြီးမားဆုံးသော နိုးကြားခြင်းဖြစ်လိမ့်မည်ဖြစ်သည် - ဆာ၊၄၈း၂ နှင့် မှတ်စု ၁။ ဗျာ၊၃း၁၂၊ ၂၁။**

A. ဘုရားသခင်သည် ဤဖွင့်ပြခြင်းအတိုင်း အသက်တာကို အသက်ရှင်ရန် ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အမြင့်ဆုံးအထွတ်အထိပ်မှတစ်ဆင့် ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် နိုးထလာသည့် စုပေါင်းထားသည့်လူများကို လိုအပ်နေသည်။ နိုးကြားခြင်းသည် ကျွန်ုပ်တို့မြင်ရသည့် ရူပါရုံ၏ လက်တွေ့ကျင့်သုံးခြင်း၊ လက်တွေ့ကျခြင်းဖြစ်သည်။

B. ခရစ်တော်၏နောက်လိုက်များ (မ၊၅း၁။ ၂၈း၁၉) သည် ဘုရား-လူ၏စံပုံစံအဖြစ် မြေကြီးပေါ် ခရစ်တော်၏ လူသားအသက်ရှင်ခြင်း - လူသားဇာတိ၌ မိမိကိုယ်ကို ငြင်းပယ်ခြင်းအားဖြင့် ဘုရားသခင်ကို အသက်ရှင်ခြင်းမှတစ်ဆင့် တပည့်ဖြစ် စေခြင်းခံရကြကာ (ယော၊၅း၁၉၊ ၃၀)၊ လူသားနှင့်စပ်လျဉ်း၍ သူတို့၏ခံယူချက်ကို လုံးလုံး ပြောင်းလဲပေးခဲ့သည် (ဖိ၊၃း၁၀။ ၁း၂၁က)။

C. ကျွန်ုပ်တို့၏အသက်တာသည် ပထမဆုံးသော ဘုရား-လူ ခရစ်တော်၏ အသက်တာပုံစံကို မိတ္တူပွားခြင်း၊ ပုံတူမှုပွားထုတ်လုပ်ခြင်းဖြစ်သင့်သည် - ၁ပေ၊၂း၂၁။ မ၊၁၁း၂၈-၂၉။ ဧ၊၄း၂၀-၂၁။ ယော၊၇း၄။ ၅း၁၇။ ဖိ၊၁း၁၉-၂၂၊ ၂၅။

D. တပည့်တော်များအထဲသို့ မှုတ်သွင်းခဲ့သော အသက်နှင့် စစ်မှန်ခြင်း၏ ဝိညာဉ်တော်သည် သုံးနှစ်ခွဲလုံးလုံး ကိုယ်တော်နှင့်အတူ ရှိကြစဉ်က သခင်ဘုရားထံမှ သူတို့ သိမြင်ကြားခဲ့ရသည့်အရာ၏ စစ်မှန်ခြင်းအလုံးစုံအထဲသို့ သူတို့ကို လမ်းပြပေးလိမ့်မည်ဖြစ်သည် - ယော၊၁၆း၁၃။ ၂၀း၂၂။

1. ပထမဆုံးသော ဘုရား-လူ၏ အမှုတော် စတင်သည့်အချိန်၌ ကိုယ်တော်သည် ဖြောင့်မတ်ခြင်းအလုံးစုံကို ပြည့်စုံစေရန် ဗတ္တိဇံခံခဲ့ကာ၊ ကိုယ်တော်၏ အသွေးအသား (လူသားဇာတိ - ၁း၁၄။ ရော၊၁း၃။ ၈း၃) အရ ကိုယ်တော်သည် အသေခံ၍ မြှုပ်နှံခံရန်မှလွဲ၍ ဘာအတွက်မျှ မကောင်းကြောင်း သိနားလည်ခဲ့သည် - မ၊၃း၁၅-၁၇။
2. ကိုယ်တော်က တပည့်တော်များအား လူငါးထောင်ကို မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ဖြင့် ကျွေးမွေးခဲ့ခြင်း အံ့ဖွယ်နိမိတ်လက္ခဏာ၌ ကိုယ်တော်ထံမှ သင်ယူကြရန် သင်တန်းပေးခဲ့သည် (၁၁း၂၉)။ ကိုယ်တော်သည် မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို ကောင်းချီးပေးရန် "ကောင်းကင်သို့ မျှော်ကြည့်ခြင်း"မှာ ကောင်းချီးမင်္ဂလာ၏ အရင်းအမြစ်မှာ စေလွှတ်ခံရသူ မိမိမဟုတ်ကြောင်း၊ စေလွှတ်တော်မူသောသူ ခမည်းတော်ဖြစ်ကြောင်း သိနားလည်ခဲ့ခြင်းကို ညွှန်ပြနေသည် (ယော၊၁၀း၃၀။ ၅း၁၉၊ ၃၀။ ၇း၆၊ ၈၊ ၁၈)။
3. သခင်ဘုရားသည် အံ့ဖွယ်နိမိတ်လက္ခဏာ၏ ရလဒ်၌ လူအုပ်ကြီးနှင့်အတူ ဆက်လက်ရှိမနေဘဲ၊ တောင်ပေါ်တွင် ဆုတောင်းခြင်း၌ ခမည်းတော်နှင့်အတူ သီးသန့်ရှိရန် သူတို့ထံမှ အဝေးသို့ထွက်သွားခဲ့သည် - မ၊၁၄း၂၂-၂၃။ လု၊၆း၁၂။

4. သခင်ဘုရားသည် ဘုရားသခင်ကို ဆက်သွယ်ခြင်းအသက်တာကို အသက်ရှင်ခဲ့ပြီး (မာ၊၁း၃၅။ လု၊၅း၁၆။ ၆း၁၂။ ၉း၂၈။ ဟေဗြဲ၊၇း၂၅)၊ မရပ်မနားဘဲ ဘုရားသခင်၏ မျက်မှောက်၌ အသက်ရှင်ခြင်း (တ၊၁၀း၃၈။ ယော၊၈း၂၉။ ၁၆း၃၂)၊ လူများကို ဆက်သွယ်ခြင်း၊ သူတို့အထဲသို့ ဘုရားသခင်ကို အမှုဆောင်ကာ သူတို့ကို ဘုရားသခင်၏ဓမ္မသစ်စီမံကိန်း၏ ဂျူဘလီအထဲသို့ ခေါ်ဆောင်ခြင်းကို အသက်ရှင်ခဲ့သည် (လု၊၄း၁၈-၁၉။ ဟေဗြဲ၊၈း၂။ ညွှန်း၊ က၊၁၄း၁၈။ တ၊၆း၄)။
5. ကိုယ်တော်သည် လောက၏အစိုးရသူ စာတန်က ဘာကိုမျှ (မည်သည့်အခြေ၊ မည်သည့်အခွင့်အရေး၊ မည်သည့်မျှော်လင့်ချက်၊ မည်သည့်ဖြစ်နိုင်ချေမျှ) မတွေ့ခဲ့သော လူတစ်ဦးဖြစ်သည် - ယော၊၁၄း၃၀ခ၊ ညွှန်း၊ အငယ်၊၂၀။ ၂ကော၊၁၂း၂က။ ကော၊ ၁း၂၇။ ၂တိ၊၄း၂၂။ ယော၊၃း၆ခ။ ၄း၂၃-၂၄။ ၁ယော၊၅း၄၊ ၁၈။

E. သခင်ဘုရား၏ ပုံစံအတိုင်း ဘုရား-လူအသက်တာကို အသက်ရှင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ရောနှောပေါင်းစည်းထားသော ဝိညာဉ်၌ ထားရှိကာ၊ ရောနှောပေါင်းစည်းထားသော ဝိညာဉ်အတိုင်း လျှောက်လှမ်းခြင်း၊ အသက်ရှင်ခြင်း၊ ဖြစ်တည်ခြင်း ရှိရမည်ဖြစ်သည် - ရော၊၈း၂၊ ၄၊ ၁၀၊ ၆၊ ၁၁၊ ၁၆။ ၁ကော၊၆း၁၇။ ရော၊၁၀း၁၂။ ဂလ၊၅း၂၅။ ဧ၊ ၆း၁၇-၁၈။ ၁သက်၊၅း၁၆-၂၀။ ၁တိ၊၄း၆-၇။ ၂တိ၊၁း၆-၇။

F. "ကျွန်ုပ်တို့အားလုံးက ကျွန်ုပ်တို့သည် ဘုရား-လူအသက်တာကို အသက်ရှင်လိုကြောင်း ကြွေးကြော်သင့်သည်။ နောက်ဆုံးတွင် ဘုရား-လူများသည် အောင်နိုင်သူများ၊ အောင်မြင်သောသူများ၊ ယေရုရှလင်မြို့အတွင်းရှိ ဇိအုန်ဖြစ်လာကြလိမ့်မည်။ ဤအရာက သမိုင်းကြောင်းတွင် တစ်ခါမျှ မမြင်စဖူးသော အသစ်သောနိုးကြားမှုကို ယူဆောင်လာကာ၊ ဤခေတ်ကို အဆုံးသတ်လိမ့်မည်ဖြစ်သည်" - *Life-study of 1 and 2 Chronicles,* p. 28.

**IV. ကျွန်ုပ်တို့သည် အသစ်သော နိုးကြားခြင်းအထဲသို့ ဝင်ရောက်ရန်မှာ ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ပါဝင်ဆက်ဆံခြင်းအားဖြင့် ကိုယ်တော်၏ သိုးသငယ်များကို ကျွေးမွေးရမည်၊ သိုးစုကို ထိန်းကျောင်း၍ ဘုရားသခင်၏သိုးတော်စုကို ဂရုစိုက်ရမည်၊ ယင်းမှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖြစ် ရလဒ်ထွက်ပေါ်လာသော အသင်းတော်ပင်ဖြစ်သည်။ ဤအရာသည် တမန်တော်ဆိုင်ရာအမှုတော်ကို ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်နှင့်အတူ ပူးပေါင်းလိုက်ခြင်းဖြစ်သည် - ယော၊၂၁း၁၅-၁၇။ ၁ပေ၊၂း၂၅။ ၅း၁-၄။ ဟေဗြဲ၊၁၃း၂၀-၂၁။ ဗျာ၊၁း၁၂-၁၃။**

A. ကျွန်ုပ်တို့သည် လူများအား ထိန်းကျောင်းရာတွင် ဘုရားသခင်၏ ထာဝရစီမံကိန်းကို သယ်ဆောင်ခြင်းအတွက် ကိုယ်တော်၏ အမှုတော်၌ သခင်ယေရှု၏ စံနမူနာအတိုင်း ထိန်းကျောင်းရန် လိုအပ်သည် - မ၊၉း၃၆။ ယော၊၁၀း၁၁။ ဟေဗြဲ၊၁၃း၂၀။ ၁ပေ၊၅း၄။
1. ကိုယ်တော်၏ ပြည့်စုံသော ကယ်တင်ခြင်း၌ ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်း တစ်ခုလုံး၏ ပါဝင်သောအရာမှာ လူသားတော်အဖြစ် ခရစ်တော်သည် အပြစ်မှ ရွေးနုတ်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို ပြုစုယုယခြင်း၊ အသေခံတော်မူခြင်းမှတစ်ဆင့် တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းကို ပြီးမြောက်စေခြင်း (၁တိ၊၁း၁၅။ ဧ၊၁း၇)ရှိကာ၊ ဘုရားသခင်၏သားတော်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဘုရားဆိုင်ရာအသက်ကို ကြွယ်ဝစွာ ထည့်သွင်းပေးရန်အလို့ငှာ ကျွန်ုပ်တို့ကို ကျွေးမွေးခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်၏အသက်ဆိုင်ရာ ကယ်တင်ခြင်းကို သယ်ဆောင်ခြင်းပြုနေသည် (ယော၊၁၀း၁၀။ ၁ကော၊၁၅း၄၅ခ။ ဧ၊၅း၂၉)။
2. ခမည်းတော်၏ ချစ်ခြင်းနှင့် ခွင့်လွှတ်ခြင်း စိတ်နှလုံးနှင့် ကယ်တင်ရှင်၏ ထိန်းကျောင်းခြင်းနှင့် ရှာဖွေခြင်းဝိညာဉ် ကျွန်ုပ်တို့၌ မရှိခြင်းသည် ကျွန်ုပ်တို့မြုံနေရခြင်းအတွက် အကြောင်းပြချက်ဖြစ်သည် - လု၊၁၅း၁-၂၄။
3. ကျွန်ုပ်တို့သည် လူများကို ယေရှု၏လူသားဇာတိ၌ ပြုစုယုယရမည် (သူတို့ကို ပျော်ရွှင်စေ၍၊ နှစ်လိုဖွယ်၊ စိတ်သက်သာဖွယ်ရာ ခံစားစေရမည်) (မ၊၉း၁၀။ လု၊၇း၃၄)။ ကျွန်ု်ပတို့သည် လူများကို ခရစ်တော်၏ ဘုရားဇာတိ၌ ကျွေးမွေးရမည် (သူတို့ကို ကိုယ်တော်၏အမှုတော် အဆင့်သုံးဆင့်၌ အရာအားလုံးပါဝင်သော ခရစ်တော်ဖြင့် ကျွေးမွေးရမည်) - မ၊၂၄း၄၅-၄၇။
4. ခရစ်တော်သည် ရှမာရိပြည်ကို ဖြတ်သွားပြီး ရှုခါမြို့သို့ တမင်တကာလှည့်သွားကာ ကိုယ်ကျင့်တရားမကောင်းသောမိန်းမတစ်ဦးကို ရယူခဲ့ပြီး၊ သူမကို အသက်ရေစီးရာမြစ်အဖြစ် စီးဆင်းနေသော သုံးပါးတစ်ပါးဘုရားဖြင့် ကျွေးမွေးရန်အလို့ငှာ သူမထံ သောက်စရာတစ်စုံတစ်ခုကို တောင်းဆိုခြင်းဖြင့် သူမကို ပြုစုယုယခဲ့သည် - ယော၊၄း၃-၁၄။ ဗျာ၊၂၂း၁။
5. အပြစ်ကင်းမဲ့သောသူအဖြစ် ကိုယ်တော်သည် အိမ်ထောင်ဖောက်ပြန်သောမိန်းမကို အပြစ်စီရင်ခြင်းမပြုဘဲ၊ တရားရေးဆိုင်ရာအရ သူမ၏အပြစ်များကို ခွင့်လွှတ်ပေးကာ၊ အသက်ဆိုင်ရာအရ သူမ၏အပြစ်များမှ လွတ်မြောက်စေလျက် သူမ

ကို ပြုစုယုယခဲ့သည် (ယော၊၈း၁-၁၁၊ ၃၂၊ ၃၆)။ ကိုယ်တော်ကားတိုင်တင်ခံရခြင်း၌ ခရစ်တော်အားဖြင့် ကယ်တင်ခံရသည့် ပထမဆုံးသောသူသည်လည်း သေခြင်းပြစ်ဒဏ်ကျခံရသည့်ဓားပြတစ်ဦးဖြစ်ခြင်းမှာ အဓိပ္ပာယ်ရှိပေသည်(လု၊၂၃း၄၃-၄၃)။

6. သခင်ဘုရားသည် အခွန်ခေါင်းဖြစ်သည့် လူတစ်ဦးထံ သွားရောက်၍ သူ့ကို ရယူရန်သက်သက်အတွက် ယေရိခေါမြို့သို့ သွားခဲ့ပြီး၊ ကိုယ်တော်၏ ဟောပြောခြင်းသည် ထိန်းကျောင်းခြင်းဖြစ်ခဲ့သည် (၁၉း၁-၁၀)။ ကိုယ်တော်သည် မိဘများအား သူတို့၏သားသမီးများအပေါ် ကိုယ်တော်လက်တင်ပေးခြင်းအားဖြင့် ပြုစုယုယပေးခဲ့သည် (မ၊၁၉း၁၃-၁၅)။

B. ကျွန်ုပ်တို့သည် တမန်တော်ပေါလု၏ စံနမူနာအတိုင်း လူများကို ထိန်းကျောင်းရန် လိုအပ်သည်၊ သူသည် နို့ထိန်းမိခင်ကဲ့သို့ သန့်ရှင်းသူများကို ထိန်းကျောင်းပြီး၊ တိုက်တွန်းနှိုးဆော်သောဖခင်ကဲ့သို့ ဘုရားသခင်၏သိုးတော်စုကို ဂရုစိုက်ခဲ့သည် - ၁သက်၊ ၂း၇-၈၊ ၁၁-၁၂။ ၁တိ၊၁း၁၆။ တ၊၂၀း၂၈။

1. ပေါလုသည် ဧဖက်မြို့ရှိ သန့်ရှင်းသူများကို ထိန်းကျောင်းရာတွင် သူတို့ကို "လူစုဝေးရာ၌လည်းကောင်း၊ တစ်အိမ်ပြီးတစ်အိမ်၌လည်းကောင်း" သွန်သင်ပေးပြီး (အငယ်၊၂၀)၊ သုံးနှစ်လုံးလုံး မျက်ရည်ဖြင့် သန့်ရှင်းသူများ တစ်ဦးချင်းစီကို တိုက်တွန်းနှိုးဆော်လျက် (အငယ်၊၃၁၊ ၁၉)၊ ဘုရားသခင်၏ အကြံဉာဏ်တော်ကို သူတို့အား အကုန်အစင် သိစေခဲ့သည် (အငယ်၊၂၇)။
2. ပေါလုသည် ယုံကြည်သူများအတွက် ရင်းနှီးကျွမ်းဝင်သောအလေးထားမှု ရှိခဲ့ပြီး (၂ကော၊၇း၂-၇။ ဖိလေ၊၇၊ ၁၂)၊ သူသည် အားနည်းသူတို့ကို ရယူရန်အလို့ငှာ သူတို့၏အဆင့်သို့ ဆင်းသက်လာခဲ့သည် (၂ကော၊၁၁း၂၈-၂၉။ ၁ကော၊၉း၂၂။ ညွှန်း၊ မ၊ ၁၂း၂၀)။
3. သူသည် သန့်ရှင်းသူများ၏အကျိုးအလို့ငှာ သူ၌ရှိသမျှ၊ သူ၏ပိုင်ဆိုင်မှုများကို အသုံးပြုရန်နှင့် သူဖြစ်သမျှ၊ သူ၏ဖြစ်ခြင်းကိုပင် အသုံးပြုရန် လိုလားဆန္ဒရှိခဲ့သည် (၂ကော၊၁၂း၁၅)။ သူသည် သွန်းလောင်းရာပူဇော်သက္ကာဖြစ်ကာ၊ စပျစ်ရည်ထုတ်လုပ်သူအဖြစ် ခရစ်တော်နှင့် တစ်လုံးတစ်ဝရှိပြီး၊ အခြားသူများ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်အတွက် မိမိကိုယ်ကို ဆက်ကပ်ပူဇော်သူဖြစ်သည် (ဖိ၊၂း၁၇။ သူကြီး၊၉း၁၃။ ဧ၊၃း၂)။
4. ပေါလုသည် ဘုရားသခင်ကို ရိုသေလေးမြတ်ရန် ဝိညာဉ်တော်အတိုင်း လျှောက်လှမ်းကာ၊ ထိုသို့ဖြင့် လူတို့ကို အလေးထားရန် ဝိညာဉ်တော်ကို အမှုဆောင်နိုင်ခဲ့သည် - ၂ကော၊၃း၃၊ ၆၊ ၈။ ဂလ၊၅း၁၆၊ ၂၅။ သူကြီး၊၉း၉။
5. ပေါလုသည် သူ၏သွန်သင်ခြင်း၌ အသင်းတော်သည် လူများကို ပြုစုပျိုးထောင်ပေးရာ အိမ်၊ သူတို့ကို အနာငြိမ်းစေ၍ ပြန်ကျန်းမာလာစေရာ ဆေးရုံ၊ သူတို့ကို သွန်သင်ကာ စုံလင်စေမည့် ကျောင်းဖြစ်ကြောင်း ညွှန်ပြခဲ့သည် - ဧ၊၂း၁၉။ ၁သက်၊ ၅း၁၄။ ၁ကော၊၁၄း၃၁။
6. သူက ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အဖို့ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် အရာခပ်သိမ်းဖြစ်ရန်နှင့် အရာခပ်သိမ်းလုပ်ဆောင်ရာတွင် သာလွန်အထူးမြတ်ဆုံးသော နည်းလမ်းဖြစ်ကြောင်း ဖွင့်ပြထားသည် - ၈း၁။ ၁၂း၃၁။ ၁၃း၄-၈က။ ဧ၊၁း၄။ ၃း၁၇။ ၄း၂၊ ၁၅-၁၆။ ၅း၂။ ၆း၂၄။ ဗျာ၊၂း၄-၅။ ကော၊၁း၁၈ခ။ ၁သက်၊၁း၃။

C. "ကျွန်ုပ်တို့အလယ်တွင် ဤထိန်းကျောင်းခြင်းဝန်တာကို လက်ခံရယူခြင်းအားဖြင့် စစ်မှန်သောနိုးကြားခြင်း ရှိလာမည့်အကြောင်း ကျွန်ုပ်မျှော်လင့်ပါသည်။ အသင်းတော်များအားလုံးသည် ဤသွန်သင်ခြင်းကို လက်ခံရရှိကာ၊ ခရစ်တော်၏ အံ့သြဖွယ်သော ထိန်းကျောင်းခြင်း၌ ပါဝင်ဆက်ဆံမည်ဆိုလျှင် ပြန်လည်ရယူခြင်း၌ ကြီးစွာသော နိုးကြားခြင်း ရှိလိမ့်မည်ဖြစ်သည်" - *The Collected Works of Witness Lee, 1994–1997,* vol. 5, "The Vital Groups," p. 92.

*© 2021 Living Stream Ministry*